actionaid | BBC MEDIA ACTION | MEI | PLAN INTERNATIONAL | UN-HABITAT FOR A BETTER URBAN FUTURE | World Vision

BRACED Myanmar Alliance

# ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းစစ်တမ်းကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုလက်စွဲ

ဤစာစောင်ကို ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း ဆန်းစစ်လေ့လာချက်နှင့် BRACED အတွင်း
အစီအစဉ်ရေးဆွဲခြင်းတို့ဆောင်ရွက်ရာတွင် ကွင်းဆင်းအဖွဲ့များအတွက် ပြုစုထားခြင်းဖြစ်သည်။



BRACED Building Resilience and Adaptation to Climate Extremes and Disasters

UKaid from the British people





# ဤ လက်ကမ်းစာစောင်က ဘာကိုသိစေပါသလဲ?

ဤလက်စွဲစာအုပ်သည် ရပ်ရွာအဖွဲ့ဝင်များနှင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ အတွက် ရပ်ရွာ၏ ဘေးဒဏ်ခံနိုင်စွမ်းကို ဆန်းစစ်ရန်လည်းကောင်း၊ ဘေးဒဏ်ခံနိုင်စွမ်း လုပ်ငန်းအစီအစဉ်ရေးဆွဲရန်လည်းကောင်း ရပ်ရွာ၏ဘေးဒဏ်ခံနိုင်စွမ်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအား စောင့်ကြည့်စစ်ဆေးရန်လည်းကောင်း အထောက်အပံ့ဖြစ်စေရန် အဆင့်ဆင့် လမ်းညွှန်ချက်များကို ဖော်ပြပေးထားသည်။

ဤဆန်းစစ်မှုသည် သင့်အား အောက်ပါတို့ကို နားလည်စေရန် အထောက်အကူပြုလိမ့်မည်။

၁။ သင်၏ ရပ်ရွာလူထုမှ ကြုံတွေ့နိုင်သည့် ရာသီဥတုနှင့် ဘေးအန္တရာယ်ဆိုင်ရာ တုန်လှုပ်ခြောက်ခြားမှု တွေက ဘာတွေလဲ ?

၂။ သင်၏ ရပ်ရွာလူထုမှ ထိခိုက်လွယ်မှု ဖြစ်စေသော စိတ်တုန်လှုပ်ခြောက်ခြားမှုနှင့် စိတ်ဖိစီးမှုတွေက ဘာတွေလဲ ?

၃။ ဤဖြစ်ရပ်များအား ပြင်ဆင်ရန်နှင့် တုံ့ပြန်ရန်အတွက် သင် အသုံးပြုနိုင်သော လက်ရှိစွမ်းဆောင်ရည်နှင့် အားသာချက်တွေက ဘာတွေလဲ ?



# ဘာကြောင့် ဘေးဒဏ်ခံနိုင်စွမ်း အကြောင်း ဆွေးနွေးနေရတာလဲ။

သင်၏ကျေးရွာသည် မုန်တိုင်း၊ တောမီးလောင်ခြင်း၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုနှင့် အပူလှိုင်းဖြတ်ခြင်းတို့ကြောင့် အံ့အားသင့်ထိတ်လန့်ဖွယ်ရာများနှင့် စိတ်ဖိစီးမှုများ ကို တွေ့ကြုံခံစားဖူးပြီး ဖြစ်နိုင်သည်။ သင်၏ကျေးရွာတွင် အောက်ပါတို့ ရှိပါသည်။

| | |
|---|---|
| လူထုများ | (ကလေးများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ) |
| အခြေခံ အဆောက်အအုံများ | (တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်း၊ ...) |
| အဖွဲ့အစည်းများ | (ရပ်ရွာအခြေပြု အဖွဲ့များ၊ ကျေးရွာ ဘေးဒုက္ခစီမံခန့်ခွဲမှုကော်မတီ ...) |
| သဘာဝ ပတ်ဝန်းကျင် | (မြစ်ချောင်း၊ သစ်တော၊ ရေ၊ ဒီရေတောများ..) |

ဤအရာများအားလုံးကို အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများမှ သက်ရောက်မှု ရှိစေနိုင်ပါသည်။ သို့သော် စီမံခန့်ခွဲမှု ကောင်းမွန်လျှင် အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်သောအခါ သင့်အား ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်တည်ဆောက်ရာတွင် အကူအညီ ပေးနိုင်ပါသည်။

**ဘေးဒဏ်ခံနိုင်စွမ်း ဆန်းစစ်မှုသည် သင်၏ရပ်ရွာအား အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများ ကြုံတွေ့သောအခါ ထိခိုက်လွယ်မှုများ (သို့)အားနည်းချက်များကို ဖော်ထုတ်နိုင်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်သော ပြင်ဆင်ခြင်းတွင် အသုံးချနိုင်ရန်နှင့် ကြံ့ကြံ့ခံနိုင်ရန် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။**

ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း အစီအစဉ်သည် ဘေးအန္တရာယ်များအား၏ သက်ရောက်မှုကို ခံနိုင်ရန်အတွက် ရပ်ရွာလူထုအတွက် တိကျသည့်လုပ်ငန်းများကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ယင်းလုပ်ငန်းများသည် သဘာဝ ဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို လျော့ပါးစေရန် ကူညီပေးပြီး ရာသီဥတု ပြောင်းလဲခြင်းကြောင့် သက်ရောက်နိုင်သော ပြောင်းလဲမှုများကို လိုက်လျောညီထွေ နေထိုင်နိုင်စေရန်အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ အစီအစဉ်တွင်မည်သူမှ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲရန် တာဝန်ရှိသည်ကိုလည်း ဖော်ပြထားသည်။



## ဘေးဒဏ်ခံနိုင်စွမ်း ဆိုသည်မှာ အဘယ်နည်း။

**အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများ စိတ်ဖိစီးမှုများကြုံတွေ့ရချိန်တွင် နိုင်ငံများ၊ အစိုးရများ၊ ရပ်ရွာလူထုနှင့် အိမ်ထောင်စုများမှ နေထိုင်မှု အဆင့်အတန်းအား ပြောင်းလဲခြင်း (သို့) ထိန်းသိမ်းပေးနိုင်သော စွမ်းရည်ရှိပြီး ဖွံ့ဖြိုးရေးကိုလည်း မထိခိုက်စေပဲ ဆက်လက်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။**



## BRACED စီမံကိန်းအနေဖြင့် သင်၏ရပ်ရွာအား အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှု များ ကို ပိုမိုခံနိုင်ရည် ရှိစေရန်အတွက် အဓိက သော့ချက် အပိုင်း (၅) ခု ဖော်ထုတ်ထားပါသည်။



### (၁) ပြင်ဆင်မှုနှင့် ကြိုတင်ဖြေရှင်းမှု စနစ်များ

ဘေးဖြစ်နိုင်ခြေများအတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်းဖြင့် သင်၏ ကျေးရွာ/အိမ်ထောင်စု မှ အံ့အားသင့် ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများကို မဖြစ်ခင်/ဖြစ်နေစဉ် နှင့် ဖြစ်ပြီးချိန်များတွင် မည်သို့ တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိစေနိုင်မည်ဖြစ်သည်။

### (၂) ဆက်သွယ်ရေးလက်လှမ်းမီမှုနှင့် သတင်းအချက်အလက်များကို အသုံးပြုမှု

သင်၏ရပ်ရွာ/အိမ်ထောင်စုသည် ဖြစ်ရပ်များ၏ ဖြစ်ပေါ်လာမည့်အချိန်၊ ပြင်းအားစသည့်သတင်းအချက်အလက်များ ရရှိလျှင် ပိုမိုကောင်းမွန်သော အစီအစဉ်ကို ရေးဆွဲပြင်ဆင်နိုင်မည်ဖြစ်သည်။

### (၃) ဘေးဒဏ်ခံနိုင်မှုစနစ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

သင်၏ ရပ်ရွာအနေဖြင့် ထင်ရှားသည့် အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများ ကြုံတွေ့ ရချိန်တွင် အောက်ပါတို့ကို လိုအပ်နိုင်သည်။

- ခိုင်မာသော သို့မဟုတ် ဘေးဒဏ်ခံနိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ
- ရေ၊ အစားအစာ၊ စွမ်းအင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရေရှည် ရရှိနိုင်မှု

### (၄) ဆုံးဖြတ်ချက်ချခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

သင်၏ ရပ်ရွာတွင် မတူညီသောအုပ်စုများ (သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ မသန်စွမ်း သူများ) တွင် မတူညီသည့် သက်ရောက်မှုများ ရှိနိုင်သည်။ ထို့ကြောင့် ၄င်းတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ဆောင်မှုများ၊ အစီအစဉ်များ ပါဝင်မှုရှိစေရန် အတွက် ဆုံးဖြတ်ချက်ချခြင်းနှင့် အစီအစဉ်ရေးဆွဲသည့်အပိုင်းတွင် သူတို့ကိုလည်း ပါဝင်စေရမည် ဖြစ်သည်။



### (၅) ဘေးကင်းလုံခြုံသည့် ငွေကြေးအရင်းအမြစ်တည်ထောင်ခြင်း

ငွေကြေးထောက်ပံ့မှုနှင့် စိတ်ချရသော ငွေကြေးအရင်းအမြစ်များ အား အံ့အားသင့်ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုများ ကြုံတွေ့ရချိန်တွင် ခံနိုင်ရည်ရှိရန် ကူညီပေးသည်။

# သင်၏ ရပ်ရွာအနေဖြင့် ဘေးဒဏ်ခံနိုင်မှု အစီအစဉ်အား မည်ကဲ့သို့ ရေးဆွဲနိုင်သနည်း။

ရပ်ရွာဘေးဒဏ်ခံနိုင်မှု အစီအစဉ်ရေးဆွဲရန်အတွက် ရပ်ရွာအနေဖြင့် အောက်ပါ အဆင့်များကို ဆောင်ရွက်ရမည်။

## အဆင့် ၁ ။ရပ်ရွာအား အသိပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း

ရပ်ရွာအစည်းအဝေးများစီစဉ်ရန် လုပ်ငန်းအတူဆောင်ရွက်ရန် ရပ်ရွာအဖွဲ့များ/ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ကို ရွေးချယ်ဖော်ထုတ်ရန် အဓိကတာဝန်ဝတ္တရားများကို သတ်မှတ်ရန်

ရပ်ရွာအုပ်စု/ ရပ်ရွာအခြေပြုအဖွဲ့အစည်းများအတွက် ပံ့ပိုးကူညီမည့်သူ ရွေးချယ်ရန်

ကျေးရွာဖွံ့ဖြိုးရေး ကိုယ်စားလှယ်များ၊ ကျေးရွာခေါင်းဆောင်များ၊ အမျိုးသမီးများ၊ ကလေးများ နှင့် ဘေးဖယ်ခံရသော အဖွဲ့ဝင်များကို ပါဝင်စေရန် ။

## အဆင့် (၂) သင်၏ ရပ်ရွာအကြောင်း သတင်းအချက်အလက်များ စုဆောင်းခြင်း

ရာသီဥတု ပြောင်းလဲခြင်း၊မိုးလေဝသ ခန့်မှန်းချက် များ

အဓိက အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ

ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု (ရေ/အစားအစာ/ စွမ်းအင်/ ကျန်းမာရေး)

ထိခိုက်အလွယ်ဆုံး အုပ်စုက ဘယ်သူတွေလဲ

ရပ်ရွာ၏ အခြေခံ အဆောက်အဦးများ

## အဆင့်(၃) သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများအား စိစစ်ခြင်း

သတင်းအချက်အလက်များအား စိစစ်ရာတွင် စဉ်းစားရမည့် အချက်များ

အကြီးမားဆုံး ဖြစ်နိုင်သည့် အံ့အားသင့် ထိတ်လန့်ဖွယ်ရာများ နှင့် စိတ်ဖိစီးမှုတွေက ဘာတွေလဲ

မည်သည့်အရာနှင့် မည်သူတွေက ထိခိုက်နိုင်တာလဲ ဘာကြောင့်လဲ

ရပ်ရွာအတွင်းရှိ အားသာချက်တွေက ဘာတွေလဲ။

## အဆင့် (၄) ရပ်ရွာ၏ဘေးဒဏ်ခံနိုင်စွမ်းအား အားကောင်းစေသည့်လုပ်ငန်းများအားဖော်ထုတ်ခြင်း

ဘေးအန္တရာယ်သက်ရောက်မှုအား သက်သာစေရန်နှင့် ရာသီဥတုပြောင်းလဲခြင်းအား လိုက်လျောညီထွေ ဖြစ်စေရန် ရပ်ရွာအား ကူညီပေးနိုင်မည့် လုပ်ငန်းများအကြောင်းအား အဖွဲ့လိုက် ဆွေးနွေးပါ။ အားနည်းသော အဖွဲ့ဝင်များ၊ ကလေးများနှင့် အမျိုးသမီးများကို ဆွေးနွေးခွင့်ပေးပါ။

## အဆင့် (၅) လုပ်ငန်းများအား ဦးစားပေး သတ်မှတ်ခြင်း

မည်သည့်လုပ်ငန်းများသည် ထိရိုက်လွယ်မှုအမြင့်ဆုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်ပြီး ရပ်ရွာအတွက် အကျယ်ပြန့်ဆုံး အကျိုးဖြစ်ထွန်းနိုင်သည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။ ရပ်ရွာအတွက် မည်သည့်အရာများသည် အရေးအကြီးဆုံးဖြစ်သနည်း။ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မည်သည့် အရင်းအမြစ်များ ရရှိနိုင်သနည်း။ ရရှိနိုင်သော အရင်းအမြစ်များနှင့် ၎င်းတို့၏ အရေးကြီးမှုအပေါ်မူတည်၍ လုပ်ငန်းများအား အဆင့် သတ်မှတ်ပါ။

## အဆင့် (၆) ရပ်ရွာလုပ်ငန်းအစီအစဉ်အား တည်ဆောက်ခြင်း

အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သူတို့ ပါဝင်ပြီး မည်သည့်တာဝန်နှင့် ဝတ္တရားများကို တာဝန်ယူဆောင်ရွက်မလဲ။ နောက်ထပ် နည်းပညာ ထောက်ပံ့မှု သို့မဟုတ် ငွေကြေးဆိုင်ရာ အရင်းအမြစ်များကို ဘယ်နေရာမှ ရရှိနိုင်မလဲ။ လုပ်ငန်းများကို ယခု အကောင်အထည်မဖော်နိုင်လျှင် အနာဂတ်တွင် ဆောင်ရွက်နိုင်မလား

## အဆင့် (၇) ဘေးဒဏ်ခံနိုင်မှု လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ထိရောက်သော လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အောက်တွင် ဖော်ပြထားသော မှတ်စုကို ကြည့်ပါ။

## အဆင့် (၈) အစီအစဉ်အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဆင့်အား ပုံမှန် စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆွေးနွေးရန်အတွက် စိန်ခေါ်မှုများ ဖော်ထုတ်ခြင်းနှင့် အများ၏ သဘောတူညီမှုကို ချက်ချင်း အရေးယူ ဆောင်ရွက်ရန် လိုအပ်သည်။ သင်၏ ရပ်ရွာအတွင်း ပြောင်းလဲမှုအပေါ်မူတည်၍ လုပ်ငန်းအစီအစဉ်အား ပုံမှန် ပြုပြင်မွမ်းမံရန် လိုအပ်သည်။

ရပ်ရွာဘေးဒဏ်ခံနိုင်မှု ဆန်းစစ်ခြင်း လုပ်ဆောင်ရန် လမ်းညွှန်ချက်အား BRACED ဘေးဒဏ်ခံနိုင်မှု ဆန်းစစ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း လက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။

# ရပ်ရွာဘေးဒဏ်ခံနိုင်မှု လုပ်ငန်းအစီအစဉ်အား မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်နည်း။

## လုပ်ငန်းအစီအစဉ်

လုပ်ငန်းများကို ဦးစားပေးရွေးချယ်ပြီးလျှင် ရပ်ရွာလုပ်ငန်းအစီအစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အစီအစဉ်အား ရေးဆွဲထားသင့်သည်။ ရပ်ရွာမှ အကောင်အထည်ဖော် ဆောင်ရွက်လိုသော လုပ်ငန်းများအား အသားပေးဖော်ပြထားရမည်။

| လုပ်ငန်းများ | အကောင်အထည် ဖော် ဆောင်ရွက် မည့်အဆင့် | လုပ်ငန်း ဆောင်ရွက်မည့် ကာလ | လိုအပ်သော ပစ္စည်း/ အရင်းအမြစ် | | တာဝန်ယူ ဆောင်ရွက် မည့်သူ/ ကော်မတီ |
|---|---|---|---|---|---|
| | | | ဒေသတွင်း | ပြင်ပ | |
| ဥပမာ။ ခြောက်သွေ့သော ရာသီတွင် ရေ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ရန် ရေကန်အပိုများ ဆောက်လုပ်ခြင်း | ပစ္စည်းများ စုဆောင်းခြင်း<br>တည်ဆောက်ခြင်းလုပ်ငန်း များ စတင်ခြင်း | ရေစုဆောင်းနိုင်ရန် အတွက် မိုးရာသီ မစခင် အချိန် ၂ ပတ် | ရေတွင်းတူးရန် အတွက် ရပ်ရွာမှ အလုပ်သမားများ<br>ရပ်ရွာမှ လှူဒါန်းသော ပစ္စည်းများ | BRACED မှ ရံပုံငွေ ၂၅၀၀၀၀ ကျပ်<br>JCB မြေတူးစက်<br>ရေကန် ဘောင် | တာဝန်ရှိသော အထူးအဖွဲ့ |
| စိုက်ပျိုးရေးဆိုင်ရာ ပစ္စည်းများ၊ အလေ့အကျင့်များ၊ နည်းပညာများ ဘေးဒဏ်ခံနိုင်မှုနှင့် ပတ်သက်၍ လယ်သမားများအား သင်တန်းပေးခြင်း | ပြင်ပမှ နည်းပညာပိုင်းကျွမ်းကျင်ပညာရှင်အားရှာဖွေခြင်း<br>လယ်သမားများအတွက် သင်တန်းပေး ခြင်း<br>သရုပ်ပြ ဇာတ်လမ်း ဖန်တီးခြင်း | ၂၀၁၆ ဖန်နဝါရီလတွင် ၁ လ | သရုပ်ပြဇာတ် လမ်းအတွက် စေတနာ့ ဝန်ထမ်းများ | ဒေသတွင်း စိုက်ပျိုးရေး ဌာနနှင့် NGO မှ တာဝန်ရှိသူ | တာဝန်ရှိသော အထူးအဖွဲ့ |

# တာဝန်နှင့် ဝတ္တရားများ

## စီမံခန့်ခွဲမှု

ရပ်ရွာ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီကဲ့သို့သော ရပ်ရွာ အခြေပြုတည်ထောင်ထားသည့် အဖွဲ့မှ စီမံခန့်ခွဲခြင်းသည် အကောင်းဆုံးဖြစ်သည်။

## အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ပြီးမြောက်မှုရှိစေရန်နှင့် အရည်အသွေးပြည့်မီမှု ရှိစေရန် လုပ်ငန်းတစ်ခုချင်းစီအား အထူးအဖွဲ့မှ ကြီးကြပ်ကွပ်ကဲသင့်သည်။

## ရံပုံငွေနှင့် အရင်းအမြစ်များ

ရပ်ရွာမှ ထည့်ဝင်ခြင်း (ပစ္စည်းနှင့် ငွေကြေး ၂ မျိုးလုံး)
Alliance အကောင်အထည်ဖော်ဆောင်ရွက်သော မိတ်ဖက် အဖွဲ့နှင့် BRACED တို့ကဲ့သို့သော အဖွဲ့တို့မှ ရန်ပုံငွေများ ရရှိနိုင်သည်။ ထပ်ဆောင်း ရန်ပုံငွေအား အခြားသော ဖွံ့ဖြိုးရေးစီမံကိန်းများ သို့မဟုတ် စိုက်ပျိုးရေးဌာနကဲ့သို့သော အစိုးရဖွံ့ဖြိုးမှုအဖွဲ့များနှင့် ချိတ်ဆက်ခြင်းအားဖြင့် ရှာဖွေနိုင်သည်။

BRACED စီမံကိန်းအောက်ရှိ လုပ်ငန်းများအတွက် ရပ်ရွာအတွင်းရှိ တာဝန်ရှိသော ရပ်ရွာအခြေပြုအဖွဲ့ (သို့) ကော်မတီမှ အောက်ပါ သတင်းအချက်အလက်များပါဝင်သော အဆိုပြုလွှာအား ရေးဆွဲထားသင့်သည်။

လိုအပ်မည့်အရင်းအမြစ်များ
အချိန်သတ်မှတ်ချက်
မည်သူတွေ အကျိုးရှိမှာလဲ
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရေရှည်ထိန်းသိမ်းမှု ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းအတွက် မည်သူမှ စီမံခန့်ခွဲမှာလဲ
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစီအစဉ်တစ်ခု ပံ့ပိုးပေးပါ။

## စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

နေရာဒေသ နှင့် အခြေအနေပြောင်းလဲမှုများအပေါ်မူတည်ပြီး အစီအစဉ်ကို သင့် ပုံမှန် မည့်သို့ ပြောင်းလဲမည့်ပုံစံ

အသစ်သို့မဟုတ် ပြုပြင်ထားသော သတင်းအချက်အလက်များ ရရှိသလား။
အရင်းအမြစ် အသစ်များ ရရှိသလား။
တာဝန်ယူဆောင်ရွက်သူ ပြောင်းလဲမှု ရှိသလား။

## အဓိက အရင်းအမြစ်နှင့် ဆက်သွယ်မှုများ

BRACED ဘေးဒဏ်ခံနိုင်မှု ဆန်းစစ်ခြင်းနှင့် လုပ်ငန်းသံသရာ လက်စွဲစာအုပ်
မြို့နယ် ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်
DMH (မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန)
အထွေထွေအုပ်ချုပ်ရေးမှူးရုံး
World Vision, PLAN International,Action Aid etc….

**BRACED** စီမံကိန်းမှ စီမံကိန်းဧရိယာအတွင်းရှိ ရပ်ရွာလူထုများ ဘေးဒဏ်ခံနိုင်စွမ်းနှင့်ပတ်သက်၍ အသိပညာပိုမို တိုးပွားစေရန် ရည်ရွယ်ဖြန့်ဝေပါသည်။